ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ တနင်္လာနေ့၊ (1-11-2010) (၆၅၆၉)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၁

၂၀၁၀ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ကျရောက်သော အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အဗ္ဗဒဲလ်အာဇိ(စ်) ဘူတဖလိကာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၃၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဖွန်း၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် (၁၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့ နံနက် ၁၀ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ■

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့်(၁၇) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ် ထိပ်သီး အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိ လာသော နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်အား နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ ကြေးမုံ ဆောင်းပါး၊ ကာတွန်း၊ ကဗျာ အညွှန်း

နိုင်ငံနှင့် လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်း နည်းလမ်းမျိုးစုံဖြင့် ကြံစည်နေသည့် ပြည်ပမီဒီယာအချို့နှင့် ပြည်တွင်းအဖွဲ့အစည်းတစ်စု၏စကားကို နားယောင်၍ မဲမပေးဘဲနေမည်လား၊ သို့မဟုတ် ပြည်သူလူထုတစ်ရပ်လုံး၏ အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက်မည့် ကိုယ်စားလှယ်လောင်းများကို ကိုယ်တိုင်ကိုယ်ကျ ကိုယ့်ဆန္ဒနှင့်အညီ မဲပေးရွေးချယ်ခြင်းဖြင့် နိုင်ငံသားတစ်ဦး၏ တာဝန်ကျေပွန်အောင် စွမ်းဆောင်မည်လားဟူသည်က ဝေဝါးထွေပြားစရာမဟုတ်၊ ဝိဝါဒကွဲပြားရန်မရှိ၊ သုံးသပ်ချင့်ချိန်စရာပင် မလိုသည့်အချက်ဖြစ်။

မျိုးမြတ်မောင်၏ "မဲရုံကိုသွားလို့ မဲပေးကြပါစို့"(ဆောင်းပါး) စာမျက်နှာ - (၈ ၊ ၉) »



ခိုင်ဆု၏
"တက်ကြွပျော်ရွှင်စွာ မဲပေးကြပါစို့"
(ကာတွန်း)
စာမျက်နှာ - (၈) »

ရဲရဲလျှောက်လှမ်း၊ မကြောက်တမ်းပင်
လမ်းရှင်းဒို့များ၊ ပန်းခင်းထားပြီ
နင်းသွားရဲရဲ၊ တူယှဉ်တွဲလို့
အောင်ပွဲလက်တစ်ကမ်း၊
ဒို့အောင်ပန်းတည်း။

ပျဉ်းမနားမြင့်လှိုင်၏
"လမ်းရှင်းလို့ ပန်းခင်းပေးထားပါသည်" (ကဗျာ)
စာမျက်နှာ - (၉) »

ကြေးမုံ The Mirror

၁-၁၁-၂၀၁၀
(တနင်္လာနေ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပန်းတိုင်ရှေးရှု တူညီဆန္ဒမဲပေးကြ

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပရန် နီးကပ်လာပြီ။ ရွေးကောက်ပွဲအကြိုကာလဖြစ်၍ ရွေးကောက်ပွဲဝင်ခွင့်ရသည့် ပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ စည်းရုံးရေး ဆင်းနေကြပြီ။ နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် ဟောပြော၊ လက်ကမ်းစာစောင်များ ဖြန့်ဝေ၊ ဂျာနယ်များမှ တွေ့ဆုံရေးသားဖော်ပြကြခြင်းဖြင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဆီသို့ ဦးတည်ချီတက်နေကြပြီ။

ဒီမိုကရေစီနိုင်ငံအဖြစ်သို့ အသွင်ကူးပြောင်းလျှောက်လှမ်းရာတွင် ရွေးကောက်ပွဲကျင်းပ၍ ဆန္ဒမဲပေး ရွေးချယ်ခြင်းကို မဖြစ်မနေဆောင်ရွက်ကြရသည်။ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်းသည် နိုင်ငံသားတစ်ဦး၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်ဖြစ်သည်။ နိုင်ငံသားတစ်ဦးအနေဖြင့် မဲပေးပိုင်ခွင့်ရှိခြင်း၊ ဆန္ဒမဲပေးခြင်းသည် ဂုဏ်ယူဖွယ်ရာ အခွင့်အရေးတစ်ရပ်ဖြစ်သည်။ အသက်(၁၈)နှစ်ပြည့်ရန် တစ်ရက်လိုသူ၊ အသက်ပြည့်သော်လည်း ရူးသွပ်နေသူ၊ စိတ်မနှံ့သူ၊ ထောင်ကျနေသူတို့သည် မဲပေးခွင့်မရကြချေ။ ကျန်းမာရေး မကောင်းသောကြောင့် မလာရောက်နိုင်သူကိုလည်း ဆန္ဒမဲပေးရန် မည်သူမျှ ဖိအားပေးမည် မဟုတ်ချေ။

နိုင်ငံတိုင်းတွင် အချိန်အခါအလျောက် ရွေးကောက်ပွဲများ ကျင်းပကြသည်။ ရွေးကောက်ပွဲဝင်ခွင့်ရှိသူများက ဝင်ရောက်ယှဉ်ပြိုင် အရွေးခံကြသကဲ့သို့ မဲပေးပိုင်ခွင့်ရှိသူတိုင်းကလည်း မဲပေးကြသည်။ ယင်းသို့ ဝင်ရောက်အရွေးခံခွင့်ရှိခြင်း၊ မဲပေးခွင့်ရှိခြင်းတို့ကို ဂုဏ်ယူကြသည်။ နိုင်ငံသားမဖြစ်သေးသူများပင် မဲပေးခွင့်ရရှိရေး၊ နိုင်ငံသားအဖြစ် အချိန်မီဖြစ်ရေး စိတ်ဝင်တစား လုပ်ဆောင်လေ့ရှိကြသည်။

မြန်မာနိုင်ငံတွင် ခေတ်စနစ်အပြောင်းအလဲတစ်ခုအတွက် ပါတီစုံ ဒီမိုကရေစီလမ်းကြောင်းကို စတင်လျှောက်လှမ်းနေကြပြီ။ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ရေးဆွဲဖြစ်တည်နေသော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပတော့မည်။ ဒီမိုကရေစီအုပ်ချုပ်ရေး အသွင်ကူးပြောင်းနိုင်ရေးအတွက် ရွေးကောက်ပွဲကြီး အောင်မြင်စေရေး မဲဆန္ဒရှင်များက ပါဝင်မဲပေးကြရန် စိတ်စောလျက်ရှိသည်။

မဲဆန္ဒရှင်များ ရွေးချယ်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပမည်။ နိုင်ငံ့အရေးကောင်းသည်ထက်ကောင်းစေရေး ဆွေးနွေးအတည်ပြု လုပ်ဆောင်ကြမည်။ ဒီမိုကရေစီရေးလုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်သွားကြမည်ဖြစ်သည်။

မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့ရရှိထားသည့် ဒီမိုကရေစီ အခွင့်အလမ်းနှင့်အညီ ပြည်သူ့ကိုယ်စားလှယ်လောင်းများကို အသိတရားဖြင့် တွေးခေါ်မြော်မြင် သုံးသပ်ဆင်ခြင် ရွေးချယ်ကြရပါမည်။ နိုင်ငံသားတစ်ဦး၏ မူလအခွင့်အရေးကို အပြည့်အဝအသုံးချ၍ ဆန္ဒမဲပေး ရွေးချယ်ကြခြင်းဖြင့် ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ဂုဏ်ပြုကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟန္နိုင်းမြို့ရှိ နိုဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂုဏ်ပြုတပ်ဖွဲ့က အလေးပြု၍ ဂုဏ်ပြုကြိုဆိုစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့သို့ ရောက်ရှိ

နေပြည်တော်　　အောက်တိုဘာ　　၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့၌ ကျင်းပမည့် (၁၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့ရှိ နိုဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်စိုးနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယအကြီးအကဲ Mr. Tran Thanh Cong တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အထူးလေယာဉ်ပေါ်မှ ဆင်းသက်လာရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ပညာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Pham Vo Luan က လေယာဉ်လှေကားထိပ်မှ ကြိုဆိုနှုတ်ဆက်သည်။ ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အား ဗီယက်နမ် အမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်း ပေးအပ်သည်။

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ စစ်သံမှူး ဗိုလ်မှူးကြီးတင်ထွန်းအေး၊ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများနှင့် မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြု၍ ဂုဏ်ပြုကြိုဆိုသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးယာဉ်တန်းဖြင့် ဟန္နိုင်းမြို့ရှိ ခေတ္တတည်းခိုမည့် Hotel Nikko Hanoi သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁-၁၁-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀　၁။ မြဝတီအဖွင့်
- ၇:၀၅　၂။ တရားတော်
- ၇:၂၀　၃။ ဓမ္မပူဇာတေး
- ၇:၂၅　၄။ မျိုးချစ်တပ်မတော်
- ၇:၃၀　၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၅　၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀　၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅　၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀　၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀　၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅　၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆　၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀　၁။ မြဝတီအဖွင့်
- ၄:၀၅　၂။ အဖွင့်သီချင်း
- ၄:၁၀　၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၅　၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၅　၅။ မျိုးချစ်တပ်မတော်
- ၄:၄၅　၆။ စိုက်ပျိုးသုတ
- ၄:၅၅　၇။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၂၀　၈။ ဗွီစီဒီကျော်ကြားတေးများ
- ၅:၃၀　၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မိုးသောက်ကြယ် (အပိုင်း-၃၁)**
- ၆:၀၀　၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀　၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀　၁၂။ လျှပ်တစ်ပြက်
- ၆:၄၀　၁၃။ သံစဉ်လမ်းကလင်းလက်ကြယ်
- ၇:၀၀　၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၂၁)**
- ၈:၀၀　၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်
- ၁၈။ ဘယ်လိုမဲပေးကြမှာလဲ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ Talk Of The Town
- ၂၂။ မေးမြန်းစူးစမ်း
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ဖန်ဆင်းရှင် (အပိုင်း-၂၁)**
- ၂၅။ Mini Series
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

မိတ္ထီလာမြို့ အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော်　　အောက်တိုဘာ　　၃၁

မိတ္ထီလာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ အမျိုးသားကျောင်းမှ ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့ကြပြီး အငြိမ်းစားယူခဲ့ကြသော အသက်(၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်း တပည့်အားလုံးတို့က ပူဇော်ကန်တော့ကြမည့် (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မိတ္ထီလာမြို့ အထက(၁)၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ပူဇော်ပွဲအခမ်းအနားသို့ ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်း တပည့်များအားလုံး တက်ရောက်ပူဇော်ကန်တော့ကြပါရန်နှင့် အလှူငွေများကို ဒေါ်မာလာ(ကျောင်းအုပ်ကြီး၊ အထက-၁၊ မိတ္ထီလာ)ဖုန်း-၀၆၄-၂၃၀၁၉၊ ၀၉-၂၂၀၁၀၉၈၊ ဒေါ်စုစုလွင် ဖုန်း-၀၆၄-၂၅၇၇၂၊ ဒေါ်မြင့်မြင့်ခိုင် ဖုန်း-၀၆၄-၂၃၄၇၅၊ ၀၉-၂၂၀၀၂၇၅၊ ဦးစံလင်း ဖုန်း-၀၆၄-၂၄၁၈၄၊ ဦးခင်ထွန်း ဖုန်း-၀၆၄-၂၄၅၉၁၊ ၀၉-၂၂၀၁၈၁၆၊ ဦးအောင်ကျော်မြင့် ဖုန်း-၀၉-၈၀၂၀၀၅၁၊ ၀၁-၆၆၄၆၄၈၊ ဦးငွေမောင်း ဖုန်း-၀၉-၅၀၆၂၅၄၊ ၀၁-၅၁၈၀၀၉၊ ဦးတည်ထွန်း ဖုန်း-၀၉- ၅၁၀၀၀၄၃ နှင့် ဦးကြည်ဝင်း ဖုန်း-၀၆၄-၂၆၁၂၉၊ ၀၆၄-၂၆၀၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆို နှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများလည်း ပြန်လည်လိုက်ပါလာကြ သည်။

(သတင်းစဉ်)

(၁၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

✳ **ကျောဖုံးမှ**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ဘရူနိုင်းဒါရုဆလမ် နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ကိုယ်စား နိုင်ငံခြားရေးဝန်ကြီး H.E. Mr. R. M. Marty M. Natalegawa၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတ နိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၊ မလေးရှား နိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက် နာဂျစ်ဘင်ထွန်း ဟာဂျီ အဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ H.E. Mr. Benigno S. Aquino III၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အပီဆစ်ဝှဲချာချီဝ၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတ နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ အာဆီယံ အတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်နှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက် ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ (၁၇)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်း အဝေးကို အာဆီယံသီချင်းဖြင့် ဖွင့်လှစ်သည်။

ထို့နောက် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အိမ်ရှင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက အဖွင့်မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံ များမှ နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့ အကြီးအကဲများ သည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံ စီးပွားရေးအကြံပေးကောင်စီ ခေါင်းဆောင်များ အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အောက်တိုဘာ ၂၈ ရက် မွန်းတည့် ၁၂ နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ National Convention Centre (NCC) တတိယထပ်ရှိ အခန်း အမှတ်(၃၄၇)၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီခေါင်းဆောင်များ အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ National Convention Centre (NCC) ၌ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံ စီးပွားရေး အကြံပေးကောင်စီခေါင်းဆောင်များ အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

အဆိုပါ အလုပ်သဘော နေ့လယ်စာ စားပွဲသို့ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ လာအို ပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်း၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက်နာဂျစ်ဘင်ထွန်း ဟာဂျီ အဗ္ဗဒူ ရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Benigno S. Aquino III၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အပီဆစ်ဝှဲချာချီဝ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ် ဆူဝမ်နှင့် အာဆီယံ စီးပွားရေးအကြံပေး ကောင်စီခေါင်းဆောင်များ တက်ရောက် ကြသည်။

အဆိုပါ အလုပ်သဘော နေ့လယ်စာ စားပွဲတွင် အာဆီယံနိုင်ငံများမှ နိုင်ငံ အကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲ များက ဟနွိုင်းမြို့၌ အောက်တိုဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့သော အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးက တင်ပြသည့် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ညှိနှိုင်း ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အတူ အလုပ်သဘောနေ့လယ်စာကို အတူတကွ သုံးဆောင်သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ သီးသန့်အစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ သီးသန့်အစည်းအဝေးသို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ National Convention Centre (NCC) တတိယထပ် အခန်းအမှတ်(၃၃၉)၌ ကျင်းပသည့် အာဆီယံ နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ သီးသန့်အစည်းအဝေးသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ သီးသန့်အစည်းအဝေးသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ကိုယ်စား နိုင်ငံခြားရေးဝန်ကြီး H.E. Mr. R. M. Marty M. Natalegawa၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက် နာဂျစ်ဘင်ထွန်း ဟာဂျီ အဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ H.E.Mr. Benigno S. Aquino III ၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အပီဆစ်ဝှဲချာချီဝ၊ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ အာဆီယံ အတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်နှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် အာဆီယံပဋိညာဉ်နှင့် အာဆီယံ အသိုက်အဝန်းလမ်းပြမြေပုံတို့ကိုအကောင်အထည်ဖော်မှု၊ အာဆီယံ ပေါင်းစည်းဆက်သွယ်ရေးဆိုင်ရာမဟာစီမံကိန်းကိစ္စ၊ ပြန်လည် နာလန်ထူရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ စွမ်းအင်ဖူလုံရေးစသည့်ဘာသာရပ်ဆိုင်ရာကိစ္စများ၊ အာဆီယံနိုင်ငံများ၏ ပြင်ပဆက်ဆံရေး အပါအဝင် အာဆီယံ ဒေသဆိုင်ရာဖွဲ့စည်းမှုတို့အပေါ် ဆွေးနွေး၍ အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

ယင်းနောက် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် ဒုတိယအကြိမ် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဒုတိယအကြိမ် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်

မဲခေါင်-ဂျပန် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာရေးနှင့် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာ၌ နိုင်ငံများအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်ရေး အမြင်ချင်းဖလှယ် ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အောက်တိုဘာ ၂၉ ရက် နံနက် ၈ နာရီခွဲတွင် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ National Convention Centre (NCC)တတိယထပ် အခန်းအမှတ်(၃၄၇)၌ ကျင်းပသည့် ဒုတိယအကြိမ် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ ထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Naoto Kan၊ လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အပီဆစ်ဝှဲချာချီဝ၊ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ ကမ္ဘောဒီးယား၊ ဂျပန်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိပ်သီးအစည်းအဝေးမစတင်မီ ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် မဲခေါင်ဒေသတွင်း နိုင်ငံများမှ ဝန်ကြီးချုပ်များသည် အစည်းအဝေးခန်းမ၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယအကြိမ် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို စတင်ကျင်းပရာ အိမ်ရှင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် မဲခေါင်ဒေသတွင်း နိုင်ငံများမှ ဝန်ကြီးချုပ်များသည် မဲခေါင်ဒေသနိုင်ငံများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးချဲ့ဆောင်ရွက်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ရေတိုရေရှည် စီမံကိန်းများဖြင့် ဆောင်ရွက်ရေး၊ မဲခေါင်မြစ်ရေ အသုံးချမှု စီမံခန့်ခွဲရေး၊ မဲခေါင်-ဂျပန်ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာရေးနှင့် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာ၌ နိုင်ငံများအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်ရေး စသည့် ကိစ္စရပ်များကို အမြင်ချင်း ဖလှယ်ဆွေးနွေးကြကာ ထိပ်သီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၏ အလုပ်သဘောညစာစားပွဲ တက်ရောက်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ Melia Hanoi Hotel ၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၏ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အောက်တိုဘာ ၂၈ ရက် ည ၇ နာရီခွဲတွင် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ Melia Hanoi Hotel ပထမထပ် Grand Ballroom ၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၏ အလုပ်သဘောညစာစားပွဲသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ အလုပ်သဘောညစာစားပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုကီးယား မူအစ် ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်း၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက် နာဂျစ် ဘင်ထွန်း ဟာဂျီ အဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင် သမ္မတနိုင်ငံ သမ္မတ H.E. Mr. Benigno S. Aquino III၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အပီဆစ်ဝဲ့ချာချီဝ ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်နှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

နှုတ်ဆက်စကားပြောကြား

ရှေးဦးစွာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့ အကြီးအကဲများက ဒေသဆိုင်ရာနှင့် နိုင်ငံတကာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ အာဆီယံဥက္ကဋ္ဌ ဖြစ်သူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံက ကိုယ်စားပြု တက်ရောက်ရာတွင် ဆွေးနွေးစေလိုသည့် ကိစ္စရပ်များနှင့် အာဆီယံနိုင်ငံများအကြား ရုပ်မြင်သံကြား အစီအစဉ်များ အပြန်အလှန် ထုတ်လွှင့်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေး ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်း ပြောကြားပြီး ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရေးအတွက် ဆောင်ရွက် နေသည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် အလုပ်သဘော ညစာစားပွဲကို အတူတကွ သုံးဆောင်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တတိယအကြိမ် အာဆီယံ - ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် တတိယအကြိမ် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီး အစည်းအဝေးသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အောက်တိုဘာ ၂၉ ရက် ညနေ ၅ နာရီခွဲတွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ National Convention Centre (NCC) တတိယထပ် အခန်းအမှတ် (၃၄၇)၌ ကျင်းပသည့် တတိယအကြိမ် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။

အဆိုပါ ထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက် ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက် နာဂျစ် ဘင်ထွန်း ဟာဂျီ အဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင် သမ္မတနိုင်ငံ သမ္မတ H.E. Mr. Benigno S. Aquino III၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အပီဆစ်ဝဲ့ချာချီဝ၊ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်တို့ တက်ရောက်ကြသည်။

ထိပ်သီးအစည်းအဝေး မစတင်မီ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့သည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ထိပ်သီးအစည်းအဝေးကို စတင်ကျင်းပရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီး အကဲများနှင့် ကုလသမဂ္ဂ အတွင်းရေး မှူးချုပ်တို့သည် ကုလသမဂ္ဂက ချမှတ်ထားသည့် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် တက်ကြွစွာပါဝင်နိုင်မည့် လမ်းကြောင်းကို ဖော်ဆောင်ပေးရေး၊ အာဆီယံ အသိုက်အဝန်း လမ်းပြမြေပုံနှင့် ကုလသမဂ္ဂ ထောင်စုနှစ် ရည်မှန်းချက်များ အကောင်အထည်ဖော်ရေး၊ စွမ်းအင်လုံခြုံရေး၊ ရာသီဥတုပြောင်းလဲခြင်းနှင့် ကူးစက်တတ်သောရောဂါများနှင့် စပ်လျဉ်း၍ ပံ့ပိုးကူညီရေး၊ အာဆီယံနှင့် ကုလသမဂ္ဂတို့၏ ၂၀၁၁-၂၀၁၂ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းဘောင် (Framework for Joint Action 2011-2012) အား ထိရောက်စွာ အကောင်အထည်ဖော်ရေးတို့အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြပြီး ထိပ်သီးအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် (၁၃)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေး၊ (၁၃)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေး၊ (၁၃)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးနှင့် (၁၃)ကြိမ်မြောက် အာဆီယံ + ၃ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ National Convention Centre (NCC)၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေး၊ (၁၃)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေး၊ (၁၃)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးနှင့် (၁၃)ကြိမ်မြောက် အာဆီယံ+ ၃ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်သည်။

အာဆီယံ-ဂျပန်

ရှေးဦးစွာ (၁၃)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေးကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် National Convention Centre (NCC) တတိယထပ် အခန်းအမှတ်(၃၃၉)၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက်နာဂျစ် ဘင်ထွန်းဟာဂျီ အဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Benigno S. Aquino III၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဗီဆစ်ဝဲ့ချာချီဝ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ နာအိုတိုကန်နှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်တို့ တက်ရောက်ကြသည်။

ထိပ်သီးအစည်းအဝေး မစတင်မီ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့သည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ထိပ်သီးအစည်းအဝေးကို ကျင်းပရာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် ဂျပန်ဝန်ကြီးချုပ်တို့သည် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ကြွယ်ဝရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်း ဖလှယ်ခဲ့ကြပြီး ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ လက်တွေ့ကျသည့် စီးပွားရေးဆက်ဆံမှု (AJCEP) အစီအစဉ်ကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ဒေသခွဲများ ဖွံ့ဖြိုးမှုရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်၊ မဲခေါင်ဒေသ စိမ်းလန်းစိုပြည်ရေး ရာစုနှစ်တစ်ခုဆီသို့ အစီအစဉ်ကို ကနဦးဖော်ဆောင်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲလာမှု၊ သဘာဝဘေးအန္တရာယ်များ၊ ကူးစက်ရောဂါများ၊ အကြမ်းဖက်မှုများမှ ကာကွယ်ရန်နှင့် ပင်လယ်ရေကြောင်း လုံခြုံရေး၊ စွမ်းအင်လုံခြုံရေး ဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

အာဆီယံ-ကိုရီးယား

ဆက်လက်၍ နံနက် ၁၁ နာရီခွဲတွင် NCC တတိယထပ် အခန်းအမှတ်(၃၄၇)၌ (၁၃)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေးကို ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် အပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

ထိပ်သီးအစည်းအဝေး မစတင်မီ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတတို့သည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ထိပ်သီးအစည်းအဝေးကို ကျင်းပရာ တက်ရောက်လာကြသူများက အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ အကြား ဆွေးနွေးဖက်ဆက်ဆံရေးကို ပိုမိုမြှင့်တင်ရေး၊ ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုဧရိယာ၏ မူဘောင်အတွင်းမှ သဘောတူညီချက်အားလုံးကို ထိရောက်စွာ အကောင်အထည်ဖော်မှု အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ ကိုရီးယားကျွန်းဆွယ်၌ နျူကလီးယားလက်နက်ကင်းစင်ရေး၊ ကာဗွန်ဓာတ်ငွေ့ လျှော့ချရေးနှင့် ဒေသတွင်း စိမ်းလန်းစိုပြည်ရေး အစီအစဉ်နှင့် အရှေ့အာရှ ရာသီဥတုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။

နေ့လယ်စာ

ယင်းနောက် အာဆီယံနိုင်ငံများ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် NCC ပထမထပ် အခန်းအမှတ် (၁၀၃)၌ ကျင်းပသည့် အာဆီယံ +၃ နိုင်ငံများ၏ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ နေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

နေ့လယ်စာ စားပွဲတွင် အာဆီယံ +၃ နိုင်ငံများအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ◆

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် (၁၃)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

◆ စာမျက်နှာ ၆ မှ

ဆောင်ရွက်မည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးကြပြီး နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

အာဆီယံ-တရုတ်

ထို့နောက် မွန်းလွဲ ၂ နာရီခွဲတွင် (၁၃) ကြိမ်မြောက် အာဆီယံ- တရုတ်ထိပ်သီးအစည်းအဝေးကို NCC တတိယထပ်ရှိ အခန်းအမှတ်(၃၄၇)၌ ကျင်းပရာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထိပ်သီးအစည်းအဝေး မစတင်မီ အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ခေါင်းဆောင်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အမြင်ချင်းဖလှယ်

ထို့နောက် ထိပ်သီးအစည်းအဝေးကို ကျင်းပရာ တက်ရောက်လာကြသူများက အာဆီယံ-တရုတ် ဆက်ဆံရေးကို ပြန်လည်သုံးသပ်ကြပြီး (၂၀၀၆-၂၀၁၀) လုပ်ငန်းစီမံချက် အကောင်အထည်ဖော်နိုင်မှုအခြေအနေနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာ ကိစ္စရပ်များကို လွတ်လပ်ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြပြီး ဂျီ-၂၀ နှင့်ဆက်စပ်သည့်ကိစ္စရပ်များတွင် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရေး၊ တောင်တရုတ်ပင်လယ်အတွင်း နိုင်ငံများလိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ ကြေညာချက်ကို အပြည့်အဝအကောင်အထည်ဖော်ရေးနှင့် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။

ထိပ်သီးအစည်းအဝေး အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်တို့သည် အာဆီယံ-တရုတ် ဆက်ဆံရေးနှင့် စပ်လျဉ်း၍ သတင်းအချက်အလက်များကို ဖော်ပြထားသည့် ASEAN- China Center Website ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ညနေ ၃ နာရီ ၃၅ မိနစ်တွင် NCC တတိယထပ်ရှိ အခန်းအမှတ်(၃၃၉)၌ အာဆီယံ+၃ ထိပ်သီးအစည်းအဝေးကို ကျင်းပသည်။

တက်ရောက်

အဆိုပါ ထိပ်သီးအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ နာအိုတိုကန်၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြပြီး ထိပ်သီးအစည်းအဝေးမစတင်မီ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် ထိပ်သီးအစည်းအဝေးကို ကျင်းပရာ တက်ရောက်လာကြသူများက အာဆီယံ +၃ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစီမံချက်ကို ထိရောက်စွာ အကောင်အထည်ဖော် လိုက်နာရေးအတွက် လက်တွေ့ကျသည့် လုပ်ဆောင်မှုများကို ဆောင်ရွက်သွားရေး၊ ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ အာဆီယံဥက္ကဋ္ဌ ပါဝင်တက်ရောက်ရေး၊ ပဋိပက္ခများကို ငြိမ်းချမ်းသော နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်ရေးနှင့် ကိုရီးယားကျွန်းဆွယ်တွင် အလုံးစုံ နျူကလီးယားကင်းစင်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြကာ ထိပ်သီးအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မှတ်တမ်းတင် ဓာတ်ပုံရိုက်

(၁၃)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်တို့ ASEAN-China Center Website ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အာဆီယံ+ ၃ ထိပ်သီးအစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ နာအိုတိုကန်၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ်၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်တို့နှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

မဲရုံကိုသွားလို့ မဲပေးကြပါစို့

၂၀၁၀ ခုနှစ် နိုဝင်ဘာလ (၇) ရက်နေ့တွင် ကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲက အလွန်ပင် နီးကပ်လာပြီဖြစ်ပါသည်။ ထိုနည်းတူ ပြည်တွင်း မီဒီယာပေါင်းစုံတွင် ဝင်ရောက်အရွေးချယ်ခံမည့် နိုင်ငံရေးပါတီ အသီးသီးမှ ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ပြည်သူလူထုသို့ တင်ပြစည်းရုံးနေမှုများကို တွေ့မြင်နေရသည်။ နိုင်ငံပိုင် မီဒီယာများတွင်သာမကဘဲ ပုဂ္ဂလိကပိုင် စာနယ်ဇင်းများ အပါအဝင် မီဒီယာပေါင်းစုံတွင်လည်း နိုင်ငံရေးပါတီ အသီးသီးမှ ကိုယ်စားလှယ်လောင်းများ၊ တစ်သီးပုဂ္ဂလ ဝင်ရောက် အရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းများ၏ ၎င်းတို့ဖြတ်သန်းလာခဲ့သည့် နိုင်ငံရေး အတွေ့အကြုံ၊ ခံယူသည့် မူဝါဒနှင့် သဘောထား၊ အရွေးချယ်ခံရပါက ဆောင်ရွက်သွားမည့် တိုင်းကျိုးပြည်ပြု လုပ်ငန်းစဉ်တို့ကို ဦးစားပေး၍ တခမ်းတနား ဖော်ပြနေကြသည်။ မည်သူ့ကို ရွေးချယ်မဲပေးမည်။ မည်သည့်ပါတီကို ထောက်ခံမည်ဟု ဝေဖန်သုံးသပ်သံများကိုလည်း ဈေးအစ လက်ဖက်ရည်ဆိုင်အဆုံး အုန်းအုန်းကျွက်ကျွက် ကြားနေရသည်။ ရွေးကောက်ပွဲသတင်းသည် လတ်တလော မြန်မာနိုင်ငံတွင် ရေပန်းအစားဆုံး၊ လူပြောအများဆုံး၊ အာရုံအစိုက်ဆုံး အကြောင်းအရာ ဖြစ်နေသည်ဟု ဆိုရပါမည်။ စိတ်မဝင်စား၍လည်း မဖြစ်ပါ။ တိုင်းပြည်နှင့် လူမျိုးအတွက် အရေးကြီးသော သမိုင်းအချိုးအကွေ့၊ ကြီးမားသော အလှည့်အပြောင်းတစ်ခုကို စီရင်ဖန်တီးရမည့်အချိန် ဖြစ်ပါသည်။

တစ်ဖက်ကလည်း ပြည်ပမီဒီယာများနှင့် နိုင်ငံရေးပါတီအဖြစ် တရားဝင် ရပ်တည်ခွင့်မရှိတော့သည့် အဖွဲ့အစည်းအချို့မှ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ဆန့်ကျင်ဖို့၊ သပိတ်မှောက်ဖို့၊ မဲမပေးဖို့ လှုံ့ဆော်ပြောဆိုနေသည်ကို ကြားသိနေရသည်။ အင်တာဗျူးအမျိုးမျိုး၊ ဆွေးနွေးမှုအဖုံဖုံ၊ သတင်းစုံအသီးသီး၊ ဇာတ်လမ်းဇာတ်ကွက်ချ၍ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး မအောင်မြင်ရလေအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်နေကြသည်။ ဩော် အပြုရှိလျှင် အပျက်ရှိသည်။ အကောင်းရှိလျှင် အဆိုးရှိသည်။ ဝိရောဓိတရားတို့ တည်ရှိနေသည်ကပင် လောကဓမ္မတာပင်ဖြစ်ပါသည်။

သို့သော် လူသည် သတ္တဝါထဲတွင် အသိဉာဏ်အမြင့်မားဆုံးဖြစ်ပါသည်။ ဖန်တီးနိုင်မှုစွမ်းအား အကြီးမားဆုံးဖြစ်၍လည်း သမိုင်းဦးဘုံမြေခေတ်မှသည် ယနေ့ IT ခေတ်သို့တိုင် အဆင့်ဆင့် တိုးတက်မြင့်တင် တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဆိုလိုသည်က လူသည် အမှားအမှန်ကို ကောင်းစွာဝေဖန်ပိုင်းခြားတတ်ပါသည်။ ယခုဖြစ်စဉ်ကို ပကတိအရှိအတိုင်း ကြည့်ရှုပါကလည်း အကောင်းအဆိုး၊ အကြောင်းအကျိုးကို ရှင်းရှင်းလင်းလင်း ဝေဖန်ပိုင်းခြားဆုံးဖြတ်နိုင်မည်ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိ ပြည်သူတစ်ရပ်လုံး မျှော်မှန်းတမ်းတသည်က အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နိုင်ရေးဖြစ်ပါ၏။ ထိုသို့ တည်ဆောက်နိုင်ရန် မရှိမဖြစ် လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပြည်သူလူထုတစ်ရပ်လုံးက တစ်ခဲနက် ထောက်ခံ အတည်ပြုခဲ့ကြပြီးဖြစ်ပါသည်။ ယခု ကျင်းပဆောင်ရွက်မည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ကျင့်သုံး၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်မည့်သူများကို ပြည်သူလူထုမှ ရွေးချယ်ပေးနိုင်ရေးပင် ဖြစ်ပါသည်။

မျိုးမြတ်မောင်

ပြည်သူမျှော်မှန်းသည့် လမ်း၊ ပြည်သူတမ်းတသည့် အနာဂတ်ရှိနေပြီး ဖြစ်ပါသည်။

ထိုပန်းတိုင်သို့ လျှောက်လှမ်းရမည့် နည်းလမ်း၊ ဖြတ်သန်းရမည့်စနစ် ရှိနေပြီးဖြစ်ပါသည်။

ပန်းတိုင်သို့ ရည်မှန်းချက်နှင့်အညီ ရောက်ရှိပေါက်မြောက်အောင်မြင်စေရန် ပြည်သူလူထုကိုယ်စား ဦးစီးဦးဆောင်၍ ပြည်သူလူထုနှင့်အတူ လျှောက်လှမ်းအကောင်အထည်ဖော်မည့်သူများ၊ တစ်နည်းအားဖြင့် ပြည်သူလူထုကိုယ်စား နိုင်ငံနှင့် လူမျိုးအကျိုးကို စွမ်းစွမ်းတမံ ထမ်းဆောင်လိုပါသည်ဟူသည့် ကိုယ်စားလှယ်လောင်းများလည်း အဆင်သင့်ရှိနေပြီးဖြစ်ပါသည်။

ပြည်သူလူထုက မိမိနှစ်သက်ရာ ဆန္ဒမဲပေး၍ ရွေးချယ်ပေးရုံသာဖြစ်ပါသည်။

ဤသည်ကို မရွေးချယ်ပါနှင့်၊ ဆန္ဒမဲမပေးပါနှင့်၊ ရွေးကောက်ပွဲကို သပိတ်မှောက်ကြပါဟု အမျိုးမျိုး သွေးထိုးလှုံ့ဆော်နေသည့် ပြည်ပမီဒီယာမျိုးစုံနှင့် နိုင်ငံရေးပါတီအဖြစ် တရားဝင် ရပ်တည်ခွင့်မရှိတော့သည့် အဖွဲ့အစည်းအချို့မှ လူနည်းစုတို့၏ ရည်ရွယ်ချက်ကား အဘယ်နည်း။

၎င်းတို့၏ ရည်ရွယ်ချက်က တိုင်းပြည်နှင့်လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်း ကြံစည်နေသည်မှာ ထင်ရှားလွန်းလှပါသည်။

ရွေးကောက်ပွဲပျက်လျှင် ပြည်သူလူထုဆန္ဒဖြင့် ရွေးကောက်တင်မြှောက်သည့် အစိုးရအဖွဲ့ မပေါ်ပေါက်နိုင်ပါ။ လက်ရှိ နိုင်ငံတော်တာဝန် ရယူထားသည့် အဖွဲ့အစည်းကပင် ဆက်လက်တာဝန်ယူဆောင်ရွက်ပြီး နောက်တစ်ဖန် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ဆောင်ရွက်ပေးရဦးမည်။ အချိန်တွေ ထပ်မံကုန်ဆုံးရပေဦးမည်။ ကျွန်ုပ်တို့နိုင်ငံ၌ အလွယ်ကူဆုံးနှင့် အထင်ရှားဆုံးဥပမာမှာ အမျိုးသားညီလာခံပင် ဖြစ်ပါသည်။ အမျိုးသားရေးအင်အားစုကြီး တစ်ရပ်လုံးဖြစ်သော လူထုလူတန်းစား အလွှာ ပါဝင်သည့် အမျိုးသားညီလာခံသည် အဖျက် မျိုးစုံကြောင့် ဆယ်စုနှစ်ကျော်ကြာခဲ့ရသည်။ ထိုပုဂ္ဂိုလ်များ၊ ထိုအဖွဲ့အစည်းများကပင် ရွေး ပျက်ပြားအောင် ထပ်မံကြံစည်နေကြပြန်ပြီဖြစ်ပ

မင်းသားကြီးမလုပ်ရလျှင် ပတ်မကြီးကို ထိုး အကြံ၊ ကြွက်မနိုင်၍ ကျီမီးနှင့်ရှို့သည့်သဘော၊ သေသေ ငတေမာလျှင် ပြီးရောစိတ်ဖြင့် လုပ် မှုများကို အသိတရားနှင့်ယှဉ်ပြီး သတိထား စောင့်ကြည့်ရန် လိုအပ်မည်ဖြစ်ပါသည်။

အကယ်၍ အဆိုပါ အဖွဲ့အစည်းအချို့၏ နားယောင်မိပါက ပြည်သူတစ်ရပ်လုံးမျှော်မှန်း အနာဂတ်၊ တမ်းတခဲ့သည့် အိပ်မက်တို့ သဲ ဖြစ်သွားနိုင်ပါသည်။ ဤပြည်တွင်း နေထိုင် ကုန်သည့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံ နေသည့် ကောင်းမြတ်သော အပြောင်းအလဲဖြစ် သော အနာဂတ်ကို ဖန်တီးနိုင်ခွင့် ဆုံးရှုံးသွားမည် သည်။

မိမိတို့ တောင့်တသည့် လိုအင်၊ ဖြစ်ချင်သ ဖျက်ဆီးသူ၊ တစ်နည်းအားဖြင့် ပြည်သူလူထုတစ် အကျိုးစီးပွားကို ပျက်စီးရာပျက်စီးကြောင်း ကြံစ မိမိတို့၏ မိတ်ဆွေမဖြစ်နိုင်သည်ကို အတိအလ လိုပါသည်။

ယခုလည်း ရွေးကောက်ပွဲကို ဦးစီးဦးဆော ပေးသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှ နိုင်ငံတော်ကို တာဝန်ယူထားသည့် တပ်မတော်အ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲက မည်ဟု တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိ ကြေည ဖြစ်ပါသည်။

ဤသည်ကို ယုံကြည်လက်ခံသည့် တိုင်း ပြည်သူလူထုတစ်ရပ်လုံးက နိုင်ငံနှင့်အဝန်း ဆန္ဒ ပြင်ဆင်နေကြပြီဖြစ်သလို လူထုလူတန်းစားအဝ သီးမှ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ၊ ပါတီအသီးသီးမှ ကိုယ်စားလှယ်လောင်းများကလည ချယ်ခံနိုင်ရေးအတွက် ပြင်ဆင်နေကြပြီ ဖြစ်ပါသ

ဖွဲ့စည်းပုံအခြေခံဥပဒေအရ မဲပေးခွင့်ရှိ မပေးခွင့်လည်းရှိသည်ကို တွင်တွင်ပြော၍ မဲ ဆန္ဒမပြုရန်၊ သပိတ်မှောက်ရန် ပြည်သူလူ

- ပြည်ထောင်စု မြန်မာနိုင်ငံတော်ရှိ ပြည်သူတစ်ရပ်လုံး မျှော်မှန်းတမ် တိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နိုင်ရေးဖြစ်ပါ၏။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပြည်သူလူထုတစ်ရပ်လုံးက တစ်ခဲန ယခု ကျင်းပဆောင်ရွက်မည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ကျင့်သုံး၍ အေးချမ်းသာ နိုင်ငံတော်သစ်ကို တည်ဆောက်မည့်သူများကို ပြည်သူလူထုမှ ရွေးချ
- ပြည်သူမျှော်မှန်းသည့် လမ်း၊ ပြည်သူတမ်းတသည့် အနာဂတ်ရှိနေပြီး
- ထိုပန်းတိုင်သို့ လျှောက်လှမ်းရမည့် နည်းလမ်း၊ ဖြတ်သန်းရမည့်စနစ်

ကြေပါစို့

ရပ်လုံးဖြစ်သော လူထုလူတန်းစား အလွှာအသီးသီး သည့် အမျိုးသားညီလာခံသည် အဖျက်အမှောင့် ကြောင့် ဆယ်စုနှစ်ကျော်ကြာခဲ့ရသည်။ ယခုလည်း ဂ္ဂိုလ်များ၊ ထိုအဖွဲ့အစည်းများကပင် ရွေးကောက်ပွဲ ပြားအောင် ထပ်မံကြံစည်နေကြပြန်ပြီဖြစ်ပါသည်။ မင်းသားကြီးမလုပ်ရလျှင် ပတ်မကြီးကို ထိုးဖောက်မည့် ၊ ကြွက်မနိုင်၍ ကျီမီးနှင့်ရှို့သည့်သဘော၊ ဘယ်သူ းသ ငတေမာလျှင် ပြီးရောစိတ်ဖြင့် လုပ်ဆောင်နေ ကို အသိတရားနှင့်ယှဉ်ပြီး သတိထား သုံးသပ် ကြည့်ရန် လိုအပ်မည်ဖြစ်ပါသည်။

အကယ်၍ အဆိုပါ အဖွဲ့အစည်းအချို့၏ စကားကို ယာင်မိပါက ပြည်သူတစ်ရပ်လုံးမျှော်မှန်းထားသည့် ဂတ်၊ တမ်းတခဲ့သည့် အိပ်မက်တို့ သဲထဲရေသွန် ွားနိုင်ပါသည်။ ဤပြည်တွင်း နေထိုင်မှီတင်းကြ သည့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး တမ်းတ ည့် ကောင်းမြတ်သော အပြောင်းအလဲဖြင့် သာယာ အနာဂတ်ကို ဖန်တီးနိုင်ခွင့် ဆုံးရှုံးသွားမည်သာ ဖြစ်ပါ ။

မိမိတို့ တောင့်တသည့် လိုအင်၊ ဖြစ်ချင်သည့် ဆန္ဒကို ဆီးသူ၊ တစ်နည်းအားဖြင့် ပြည်သူလူထုတစ်ရပ်လုံး၏ ျိုးစီးပွားကို ပျက်စီးရာပျက်စီးကြောင်း ကြံစည်သူသည် ့၏ မိတ်ဆွေမဖြစ်နိုင်သည်ကို အတိအလင်းရှုမြင်ဖို့ သည်။

ယခုလည်း ရွေးကောက်ပွဲကို ဦးစီးဦးဆောင်ကျင်းပ သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ လက်ရှိ တော်ကို တာဝန်ယူထားသည့် တပ်မတော်အစိုးရတို့မှ လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပပေး ု တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိ ကြေညာထားပြီး ါသည်။

ဤသည်ကို ယုံကြည်လက်ခံသည့် တိုင်းရင်းသား သူလူထုတစ်ရပ်လုံးက နိုင်ငံနှင့်အဝန်း ဆန္ဒမဲပေးရန် င်နေကြပြီဖြစ်သလို လူထုလူတန်းစားအလွှာအသီး တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေး အသီးသီးမှ ကိုယ်စားလှယ်လောင်းများကလည်း အရွေး ခံနိုင်ရေးအတွက် ပြင်ဆင်နေကြပြီ ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ မဲပေးခွင့်ရှိသလို၊ မဲ ခွင့်လည်းရှိသည်ကို တွင်တွင်ပြော၍ မဲမပေးရန်၊ ပြုရန်၊ သပိတ်မှောက်ရန် ပြည်သူလူထုအကြား သံသယပွား ခလောက်ဆန်စေသည့် အကြံကို လက်ခံမိ ပါလေသော် နစ်နာဆုံးရှုံးရမည်မှာ မိမိတို့ ပြည်သူလူထုပင် ဖြစ်ပါသည်။

မဲပေးနိုင်သည့် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီ **သော လူတစ်ဦးချင်းသည် မိမိဆန္ဒနှင့်အညီ မိမိရွေးချယ် လိုသည့် ကိုယ်စားလှယ်လောင်းကို အနှောင်အဖွဲ့ကင်းကင်း၊ အတားအဆီးမရှိ စိတ်ကြိုက်ရွေးချယ်နိုင်သည့် အခွင့် အရေးကို လက်လွှတ်ခဲ့ပါလျှင် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီး နိုင်ခွင့်ကို အကျိုးမဲ့ဆုံးရှုံးစေခြင်းသာဖြစ်ပါမည်။**

ကမ္ဘာအဝန်းရှိ တခြားနိုင်ငံများကြည့်လျှင် ဝေးနေပါ **ဦးမည်။ အရှေ့တောင်အာရှနိုင်ငံများကိုပင် လေ့လာကြည့် ပါက ယခင်က မိမိတို့နိုင်ငံလောက်ပင် ဖွံ့ဖြိုးတိုးတက်မှု မရှိခဲ့သည့် နိုင်ငံအချို့သည် ယခုအခါ မိမိတို့နိုင်ငံထက် ဖွံ့ဖြိုးတိုးတက်မှုတွင် သာလွန်ခဲ့ပြီကို တွေ့မြင်နိုင်ပါသည်။ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲကျင့်သုံးခြင်းအစား တိုင်းပြည်နှင့် လူမျိုး အကျိုးစီးပွားကို ဦးတည်လျက်၊ တစ်နည်းအားဖြင့် အမျိုးသား အကျိုးစီးပွားကို အခြေခံလျက် ဆောင်ရွက်ကြခြင်း၏ အကျိုးရလဒ်ပင် ဖြစ်ပါသည်။**

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံ၌လည်း တပ်မတော် အစိုးရ တာဝန်ယူသည့် ကာလတစ်လျှောက် ဦးတည်ချက် (၁၂)ရပ်ချမှတ်၍ တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများကြောင့် အနာဂတ်ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရန်အတွက် ဘက်စုံ ထောင့်စုံ ကဏ္ဍစုံ၌ တိုးတက်ဖြစ်ထွန်းစေနိုင်သည့် အခြေခံကောင်းများ ပိုင်ဆိုင် ထားနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ထိုအခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်း၍ ပြည်သူလူထုတစ်ရပ်လုံး မျှော်မှန်း သည့် အနာဂတ်ကို မမှိတ်မသုန် ချီတက်အကောင်အထည် ဖော်ရန်သာ လိုပါတော့သည်။

ကျွန်တော်တို့ ပြည်သူလူထုကြီးသည် လွတ်လပ်ရေး ရသည်မှ ယနေ့အထိ ဝါဒအမျိုးမျိုး၊ စနစ်အမျိုးမျိုးကြား တွင် ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ပြီးပါပြီ။ ရှင်ငယ်ဝမ်းကလည်း ထွက်ခဲ့ပြီးပါပြီ။ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ အခြေခံခြင်း၏ ရလဒ်အဖြစ် ဖွံ့ဖြိုးတိုးတက်မှု အားအနည်းဆုံး (LDC) နိုင်ငံလည်း ဖြစ်ခဲ့ ဖူးပါပြီ။ ကမ္ဘာ့အလယ် ဆက်လက်၍ မျက်နှာမငယ်လို တော့ပါ။ ကျွန်တော် မြန်မာပြည်က မြန်မာလူမျိုးပါဟု ကမ္ဘာ့ အလယ်တွင် ရင်ကော့ခေါင်းမော့ ဂုဏ်ယူချင်ပါသည်။ သူတစ်ပါးနိုင်ငံထက် သာလွန်သောအဆင့်အတန်းသို့ တက်လှမ်းချင်ကြသည်မှာ အမှန်ပင်ဖြစ်ပါသည်။

ပြည်သူလူထုတစ်ရပ်လုံးပါဝင်သည့်၊ တိုင်းရင်းသား အားလုံးပါဝင်သည့် အမျိုးသားအကျိုးစီးပွားကို ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်နိုင်မည့် မည်သည့်နိုင်ငံရေး ပါတီမဆို၊ မည်သည့်တစ်သီးပုဂ္ဂလပုဂ္ဂိုလ်ကိုမဆို၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲကင်းစွာ ရွေးချယ်၍ ပေါ်ထွန်းလာမည့် ဒီမိုကရေစီ နိုင်ငံတော်သစ်တွင် လူဖြစ်ခွင့်ရချင်ပါသေးသည်။

ည်သူတစ်ရပ်လုံး မျှော်မှန်းတမ်းတသည်က အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တည်ဆောက်နိုင်ရေးဖြစ်ပါ၏။ ထိုသို့ တည်ဆောက်နိုင်ရန် မရှိမဖြစ်လိုအပ်သည့် သူလူထုတစ်ရပ်လုံးက တစ်ခဲနက် ထောက်ခံအတည်ပြုခဲ့ကြပြီး ဖြစ်ပါသည်။ မိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စစ်မှန်၍ ကို ကျင့်သုံး၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ များကို ပြည်သူလူထုမှ ရွေးချယ်ပေးနိုင်ရေးပင် ဖြစ်ပါသည်။

မ်းတသည့် အနာဂတ်ရှိနေပြီး ဖြစ်ပါသည်။

ည်းလမ်း၊ ဖြတ်သန်းရမည့်စနစ် ရှိနေပြီးဖြစ်ပါသည်။

❍ မဲပေးနိုင်သည့် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသော လူတစ်ဦးချင်းသည် မိမိဆန္ဒနှင့်အညီ မိမိရွေးချယ်လိုသည့် ကိုယ်စားလှယ်လောင်းကို အနှောင်အဖွဲ့ ကင်းကင်း၊ အတားအဆီးမရှိ စိတ်ကြိုက်ရွေးချယ်နိုင်သည့် အခွင့်အရေးကို လက်လွှတ်ခဲ့ပါလျှင် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့်ကို အကျိုးမဲ့ ဆုံးရှုံးစေခြင်းသာဖြစ်ပါမည်။

❍ ကမ္ဘာအဝန်းရှိ တခြားနိုင်ငံများကြည့်လျှင် ဝေးနေပါဦးမည်။ အရှေ့တောင်အာရှနိုင်ငံများကိုပင် လေ့လာကြည့်ပါက ယခင်က မိမိတို့နိုင်ငံလောက်ပင် ဖွံ့ဖြိုးတိုးတက်မှုမရှိခဲ့သည့် နိုင်ငံအချို့သည် ယခုအခါ မိမိတို့နိုင်ငံထက် ဖွံ့ဖြိုးတိုးတက်မှုတွင် သာလွန်ခဲ့ပြီကို တွေ့မြင်နိုင်ပါသည်။ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ ကျင့်သုံးခြင်းအစား တိုင်းပြည်နှင့် လူမျိုး အကျိုးစီးပွားကို ဦးတည်လျက်၊ တစ်နည်းအားဖြင့် အမျိုးသားအကျိုးစီးပွားကို အခြေခံလျက် ဆောင်ရွက်ကြခြင်း၏ အကျိုးရလဒ်ပင် ဖြစ်ပါသည်။

ကိုယ့်ဝမ်းနာ ကိုယ်သာသိပါသည်။ ကိုယ့်ပြည်တွင်းရေး သာယာရေးကို ကိုယ့်ပြည်တွင်းရှိ ပြည်သူလူထုအားဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပြည်ပမှ စိုးရိမ်နေပါသည် ဆိုသူများက လေညာမှ အနေသာကြီးဖြစ်ပါသည်။ အနှစ် မပါသော စိုးရိမ်မှုမျိုးဖြင့် အချစ်မပါသော ကြံစည်မှုမျိုးကို သိမြင်ရှောင်ရှားသင့်နေပါပြီ။

သို့ဖြစ်ရာ နိုင်ငံနှင့် လူမျိုးအကျိုး ပျက်စီးရာပျက်စီး ကြောင်း နည်းလမ်းမျိုးစုံဖြင့် ကြံစည်နေသည့် ပြည်ပ မီဒီယာအချို့နှင့် ပြည်တွင်းအဖွဲ့အစည်းတစ်စု၏ စကားကို နားယောင်၍ မဲမပေးဘဲနေမည်လား၊ သို့မဟုတ် ပြည်သူ လူထုတစ်ရပ်လုံး၏ အမျိုးသားအကျိုးစီးပွားကို ဆောင် ရွက်မည့် ကိုယ်စားလှယ်လောင်းများကို ကိုယ်တိုင်ကိုယ်ကျ ကိုယ့်ဆန္ဒနှင့်အညီ မဲပေးရွေးချယ်ခြင်းဖြင့် နိုင်ငံသားတစ်ဦး ၏ တာဝန်ကျေပွန်အောင် စွမ်းဆောင်မည်လားဟူသည်က ဝေဝါးထွေပြားစရာ မဟုတ်၊ ဝိဝါဒကွဲပြားရန် မရှိ၊ သုံးသပ် ချင့်ချိန်စရာပင် မလိုသည့်အချက် ဖြစ်ပါသည်။

ကျွန်တော်သည် ဤမြေမှာနေ၊ ဤရေကိုသောက်ပြီး လူလားမြောက်ကြီးပြင်းလာသည့် နိုင်ငံသားစစ်စစ်တစ်ဦး ဖြစ်ပါသည်။ ကိုယ့်တိုင်းပြည်ဖွံ့ဖြိုးပြီး ကိုယ့်လူမျိုး တိုးတက် စေလိုလှပါသည်။ ဤသည်ကား နိုင်ငံသားတစ်ဦး၏ စစ်မှန် သော ဆန္ဒပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံသားအဖြစ် ခံယူထားကြကုန်သော ပြည်တွင်း၊ ပြည်ပရှိ တိုင်းရင်းသားပြည်သူလူထုအပေါင်းတို့ ခင်ဗျား. . . ။

အမျိုးသားအကျိုးစီးပွားကို ပြည်သူလူထုကိုယ်စား ဖော်ဆောင်ပေးမည့် ကိုယ်စားလှယ်လောင်းများကို မိမိ စိတ်တိုင်းကျ ရွေးချယ်မဲပေးဆန္ဒပြုခြင်းဖြင့် နိုင်ငံသားတစ်ဦး ၏ တာဝန်ကျေပွန်ကြောင်း သက်သေပြကြပါစို့။

လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် အားလုံးစုံညီစွာ မဲပေး ရင်းဖြင့် အနာဂတ်နိုင်ငံတော်၏ မော်ကွန်းသစ်ကို ထုဆစ် ပုံဖော်ရာတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက် ကြပါစို့။

မဲဆန္ဒပေးခြင်းသည်သာလျှင် ပြည်သူလူထုတစ်ရပ်လုံး မျှော်မှန်းသည့် ကောင်းမွန်သော အပြောင်းအလဲကို ဆောင်ရွက်ပေးနိုင်သည့် တစ်ခုတည်းသော နည်းလမ်း ဖြစ်ကြောင်း နိုင်ငံရေးအသိဖြင့် ခံယူကြပါစို့။

မဲရုံကိုသွားလို့ မဲပေးကြပါစို့။ ။

လမ်းရှင်းလို့ ပန်းခင်းပေးထားပါသည်

✤ ဒီမိုကရေစီလျှမ်းပ၊ သည်လမ်းမကို
လှမ်းကြွပျော်စွာ၊ ဖိတ်ခေါ်ပါသည်
ပေါ်လာခေတ်သစ်၊ ဝိုင်းထုဆစ်ရာ
ပြုရစ်အနာဂတ်၊ ဒို့ဆုံးဖြတ်ဖို့
သုံးသပ်ညှိနှိုင်း၊ အသိပိုင်းတွေ
ပြည့်လှိုင်းရည်ကာ၊ ပြည်မြန်မာတွက်
ညီညာလက်တွဲ၊ တစ်သက်မြဲစေ
ခက်ခဲဟူသမျှ၊ တူတကွပေါ့
ယူဆခြားနား၊ ဘေးချိတ်ထားပါ
ဒို့များပန်းတိုင်၊ ဒို့လှမ်းကိုင်မည်
ခိုင်ကျည်စိတ်ဓာတ်၊ သန့်မွန်မြတ်ညီ
ရပ်တည်နီးနီး၊ ရှေ့ခရီးကြော
နီးနှောစုံလင်၊ မဲရုံဝင်စို့
ဂုဏ်တင်ရွေးချယ်၊
ကိုယ်စားလှယ်တည့်။

✤ ရဲရဲလျှောက်လှမ်း၊ မကြောက်တမ်းပင်
လမ်းရှင်းဒို့များ၊ ပန်းခင်းထားပြီ
နင်းသွားရဲရဲ၊ တူယှဉ်တွဲလို့
အောင်ပွဲလက်တစ်ကမ်း၊
ဒို့အောင်ပန်းတည်း။ ။

ပျဉ်းမနားမြင့်လှိုင်

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသော Gala Dinner တွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသော Gala Dinner သို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အောက်တိုဘာ ၂၉ ရက် ည ၈ နာရီခွဲတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ National Convention Centre (NCC) Banquet Hall ၌ ကျင်းပသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသော Gala Dinner သို့ တက်ရောက်သည်။

အဆိုပါ Gala Dinner သို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက် ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလို ဘန်ဘန်းယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက် နာဂျစ်ဘင်ထွန်း ဟာဂျီ အဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Benigno S. Aquino III၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ်ဝဲ့ချာချီဝ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နာအိုတိုကန်၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ်၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်း၊ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် H.E. Ms. Julia Gillard၊ နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr. John Key၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်၊ အိမ်ရှင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ ဧည့်သည်အဖြစ် တက်ရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ Gala Dinner သို့ တက်ရောက်လာကြသည့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့အား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ဇနီးတို့က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီး၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့သည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် Banquet Hall ၌ Gala Dinner ကို စတင်ကျင်းပရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်၊ နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ်၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၊ အာဆီယံအတွင်းရေးမှူးချုပ်၊ ဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများအား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာသုံးဆောင်နေစဉ် ဗီယက်နမ်ရိုးရာယဉ်ကျေးမှုအဖွဲ့က အဆိုအကများနှင့် တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အယ်လ်ဂျီးရီးယား အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၁

၂၀၁၀ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ကျရောက်သော အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မူရဒ်မယ်ဒယ်စီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁-၁၁-၂၀၁၀ (တနင်္ဂနွေ)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း တေးရေး-ဗိုလ်ကလေး တင့်အောင်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅	၇။	အတီးပြိုင်ပွဲ
၈း၂၅	၈။	"စက်မှုဇုန်မှာကျွန်မ စက်ရုံလာတည်တော့မယ်"
၈း၃၅	၉။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	တေးဂီတအစီအစဉ်
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အကပဒေသာ
၄း၂၀	၃။	တေးဂီတအစီအစဉ်
၄း၃၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ဒသနိကဗေဒ အထူးပြု) (ဒသနိကဗေဒ)
၄း၄၅	၅။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀	၆။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅း၀၀	၇။	မြန်မာစာ၊ မြန်မာစကား
၅း၁၅	၈။	"ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်များ)
၅း၃၀	၉။	မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းပွင့်သစ္စာ" (အပိုင်း-၃)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	"ဒီမိုမွေးနေ့" (မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်များ)
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	"လူတိုင်းရောဂါဘယ ကင်းရှင်းရေးကျန်းမာရေး ကဏ္ဍမှ ဆောင်ရွက်ပေး"
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး နောက်ဆုံးချစ်ပုံပြင်" (ပထမပိုင်း) (အပိုင်း-၂)**
	၂၀။	"သုခုမရင်ပြင်"
	၂၁။	အစီအစဉ်ပြီး၏

မြတ်ဆရာ ပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၃၁

၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ အထက(၁)လသာ (စင်ထရယ်) ကျောင်းသားဟောင်းများ၏ မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အထက(၁)လသာ ဗဟိုစံပြခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် ဗိုလ်မှူးခင်ညို(ငြိမ်း) ဖုန်း-၀၉-၅၄၉၀၃၄၊ ဦးခင်မောင်စိန် ဖုန်း-၀၉-၅၀၀၄၀၅၂၊ ဦးအောင်ခိုင် ဖုန်း-၀၉-၅၀၆၈၉၆၈၊ ဦးခင်မောင်ဘို ဖုန်း-၀၁-၂၉၃၄၄၈၊ ဦးနိုင်ဌေးဝင်း ဖုန်း-၀၉-၅၁၀၂၅၂၉၊ ဦးခင်မောင်ကြီး ဖုန်း-၀၉-၈၀၂၄၅၄၁နှင့် ဦးသိန်းဇံ ဖုန်း-၀၉-၉၉၂၅၈၃၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၁၁-၂၀၁၀ (တနင်္ဂနွေ)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ရုပ်ဓာတ် (၈)ပါး" တရားတော် [ဆရာတော် အရှင်ဇဝန (မေတ္တာရှင်)]
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၆၁)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၂၈)**
၈း၅၀	Memories of the 1980's Music Concert(Part-1)
၉း၃၀	နာမည်ဆိုးနှင့် ကျော်ကြားသော (စတုတ္ထပိုင်း)
၉း၅၀	Activities In The City (မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ သိက္ခာထပ်မင်္ဂလာအခမ်းအနား)
၁၀း၁၅	သမိုင်းဂုဏ်ဝင့်ကြွား မြို့ရွှေဘို၏ အလှုပန်များ
၁၀း၂၀	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၀း၂၅	The Champion of Dance
၁၁း၀၀	Sunday Talk (မျိုးမြတ်သူ၊ ကိုကိုလှိုင်)
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား"(အပိုင်း-၁၆)
၁၂း၀၅	စာအုပ်ပြခန်း (စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတိုက်ပွဲဝင် အောင်မြင်ရေး မဟာဗျူဟာများ စာအုပ်ရေးသားသူ မောင်မြင့်ကြွယ်နှင့် တွေ့ဆုံမေးမြန်းခြင်း)
၁၂း၂၀	ဗီဒီယိုပြခန်း
၁၂း၄၀	မေတ္တာနှောင်ကြိုး တိုးလို့ဖြစ်တည်. . . လိန်းလီတံတားမှသည်
၁း၀၀	"ရုပ်ဓာတ် (၈)ပါး" တရားတော် [ဆရာတော် အရှင်ဇဝန (မေတ္တာရှင်)]
၂း၀၀	MRTV-4 သတင်း
၂း၂၀	Memories of the 1980's Music Concert(Part-2)
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၆၁)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂၈)**
၄း၅၀	သူတို့ဘဝ သူတို့ဟာသ (ဦးတိမ်ညွှန့်)
၅း၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား"(အပိုင်း-၁၆)
၆း၀၀	MRTV-4 သတင်း
၆း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၆၂)**
၇း၀၀	ဒီမိုမွေးနေ့ (မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်များ)
၈း၀၀	MRTV-4 သတင်း - နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် - ဘယ်လိုမဲပေးကြမှာလဲ (မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်များ)
၈း၃၀	အရဏ်ဦးမှာ ဖူးသည့်ကြာ (ပထမပိုင်း) (ရုပ်ရှင်အနုပညာရှင်များ) (ဒါရိုက်တာ စာရေးဆရာတင်သန်းဦး)
၁၀း၁၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂၉)**
၁၁း၀၀	စကားနပန်း (ဈေးကြီးတာကောင်းတယ် ဈေးမကြီးတာကောင်းတယ်)
၁၁း၄၅	အနုပညာမိုးကောင်းကင်
၁၂း၀၀	ဈေးဝယ်လမ်းညွှန် (Thanlwin homemart)
၁၂း၃၅	International Show Biz
၁၂း၅၀	Activities In The City [SONY XD Era (SONY Professional Product Seminar & Work Shop)]
၁း၀၅	သွေးတိုး၊ ဆီးချိုအကြောင်း သိကောင်းစရာ တိုင်းရင်းဆေးပညာ
၁း၂၀	ထန်းပင်မှဖြစ်သည့် အနုပညာ (ထန်းပန်းချီ)
၁း၃၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (နော်လီဇာ)
၂း၁၅	စီးဆင်းပါစေ မေတ္တာရည် (မေကဗျာ၊ ဖူးဖူး)
၂း၂၄	Barclays Premier League (Blackpool Vs Westbromwich)
၄း၂၅	တောင်ပေါ်လက်ဖက် နတ်သစ်ရွက်
၄း၄၀	စုပေါင်းဆင်နွှဲ မန္တလာမြေရဲ့ ခြင်းပွဲ
၅း၀၀	အစီအစဉ်ပြီး။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၂၄	Blackpool- Westbromwich	ESPN (Live)

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မဲပေးရာတွင် လိုက်နာဆောင်ရွက်သင့်သော အချက်များ

၁။ အချိန်မီ မြန်ဆန်စွာ မဲပေးနိုင်ရေး ကိုယ်စီ မိမိ၏ မဲစာရင်းအမှတ်ကို ကြိုတင်သိရှိထားနိုင်အောင် ဆောင်ရွက်ပါ။
၂။ မဲပေးရာတွင် မိမိ၏ မဲစာရင်းအမှတ်ကို မဲစာရင်းစစ်ဆေးသူထံ ပြောပြနိုင်ခြင်းအားဖြင့် ပိုမိုလျင်မြန်စေနိုင်သည်။
၃။ မိမိ၏ မဲလက်မှတ်ပေါ်တွင် မိမိဆန္ဒပြု မဲပေးလိုသော ကိုယ်စားလှယ်နှင့် တံဆိပ်သင်္ကေတဘေးရှိ လေးထောင့်ကွက်အတွင်း၌ အမှန်ခြစ် ခြစ်ပါ။
၄။ မိမိ၏ မဲလက်မှတ်ပေါ်တွင် မိမိခြစ်လိုသော အမှန်ခြစ်မှအပ အခြားရေးသားမှု တစ်စုံတစ်ရာ မပြုလုပ်ရပါ။
၅။ မိမိ၏ မဲလက်မှတ်ပေါ်တွင် ဆန္ဒပြုရာတွင် အမှန်(သို့မဟုတ်) အမှားဟု ခွဲခြားဆုံးဖြတ်နိုင်ခြင်းမရှိသော သင်္ကေတမျိုးအား မရေးခြစ်ရပါ။
၆။ မဲလက်မှတ်ကို မစုတ်ပြဲစေရပါ။
၇။ ထိုသို့ ဆန္ဒပြုပြီးသော မဲလက်မှတ်အား ခေါက်ချိုးချိုး၍ သက်ဆိုင်ရာမဲပုံးတွင် ထည့်ပါ။

မဲပေးရာတွင် 'ပယ်မဲ' မဖြစ်စေရေး သတိပြုရန် အချက်များ

သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဂ)တွင် အောက်ပါဆန္ဒမဲ လက်မှတ်မျိုးကို ပယ်ရမည်ဟု ပြဋ္ဌာန်းဖော်ပြထားသည်-

(၁) ကော်မရှင်က အတည်ပြုထားသော အမှတ်အသားမပါသည့် ဆန္ဒမဲလက်မှတ်၊
(၂) မဲရုံမှူးလက်မှတ်မပါသည့် ဆန္ဒမဲလက်မှတ်၊
(၃) လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊
(၄) ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊
(၅) ဆန္ဒပြုထားခြင်းမှာ မသေချာ မထင်ရှားသော ဆန္ဒမဲလက်မှတ်၊
(၆) ဆန္ဒမဲလက်မှတ် အတုဖြစ်သည်ဟု မဲရုံမှူးက ဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ်၊
(၇) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်၊
(၈) ဆုတ်ဖြဲထားသည့် ဆန္ဒမဲလက်မှတ်။

ပယ်မဲဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများ ရှင်းလင်းလွယ်ကူစွာ နားလည်သဘောပေါက်စေရန် ရှင်းလင်းရလျှင်-

(၁) မဲဆန္ဒရှင်သည် ဆန္ဒမဲလက်မှတ်ပေါ်ရှိ မိမိဆန္ဒပြုလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတည်း၏ အမည်နှင့် သင်္ကေတအမှတ်အသားတည့်တည့်တွင်ရှိသော လေးထောင့်ကွက်အတွင်း၌သာ အမှန်(✔) အမှတ်အသားကို ရေးခြစ်၍ ဆန္ဒပြုရမည်။
(၂) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ယင်းတို့၏ အမည်၊ သင်္ကေတတို့ဘေးရှိ လေးထောင့်ကွက်များတွင် အမှန်(✔) အမှတ်အသားများကိုဖြစ်စေ၊ အမှား(✘) အမှတ်အသားများကိုဖြစ်စေ ရေးခြစ်ထားပါက **"ပယ်မဲ"** အဖြစ် သတ်မှတ်မည်။
(၃) လုံးဝဆန္ဒပြုထားခြင်းမရှိလျှင်လည်း **"ပယ်မဲ"** အဖြစ် သတ်မှတ်မည်။
(၄) ဆန္ဒပြုရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတည်းကိုသာ ဆန္ဒပြုထားခြင်းဖြစ်သော်လည်း အမှန်(✔) သို့မဟုတ် အမှား(✘)ဟု ခွဲခြားဆုံးဖြတ်နိုင်ခြင်းမရှိသည့် ဆန္ဒမဲလက်မှတ်ကိုလည်း **"ပယ်မဲ"** အဖြစ် သတ်မှတ်မည်။
(၅) သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတည်းကိုသာ ဆန္ဒပြုထားခြင်းဖြစ်ပြီး မဲဆန္ဒရှင် ရေးခြစ်ထားသည့် အမှန်(✔) အမှတ်အသားမှာ အမှန်ခြစ်(✔) ခြစ်ကြောင်း သိသာထင်ရှားပါက သတ်မှတ်ထားသည့် လေးထောင့်ကွက်အတွင်း ဝင်သည်ဖြစ်စေ၊ ဘောင်ကိုကျော်လွန်၍ ရေးခြစ်သည်ဖြစ်စေ၊ အတည့်ခြစ်သည်ဖြစ်စေ၊ ဘေးတိုက်ခြစ်သည်ဖြစ်စေ၊ အမှန်(✔)အမှတ်အသား၌ အကောက်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မဲဆန္ဒရှင်၏ ဆန္ဒအမှန်ဖြစ်သည်ဟု မှတ်ယူပြီး ခိုင်လုံသည့် ဆန္ဒမဲအဖြစ် သတ်မှတ်နိုင်သည်။

ဆန္ဒမဲခိုင်လုံသည်၊ မခိုင်လုံသည်ကို မဲရုံမှူးက ဆုံးဖြတ်မည်ဖြစ်ပြီး မဲရုံမှူးက ပယ်သည့် ဆန္ဒမဲလက်မှတ်များကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များအား ကြည့်ရှုရန် အခွင့်အရေးပေးမည်၊ ပယ်သည့် အကြောင်းကိုလည်း သတ်မှတ်ပုံစံဖြင့် မှတ်တမ်းတင်ထားမည်ဖြစ်ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း မာန်အောင်မြို့ မြို့နယ်ခန်းမ၌ ကျန်းမာရေးနှင့် ပညာရေး ထောက်ပံ့ငွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မုန်တိုင်းတိုက်ခတ်မှုခံရသည့် ဒေသများအရောက် အရေးပေါ်ထောက်ပံ့ရေးပစ္စည်းများ ကူညီပေးအပ်

နေပြည်တော် အောက်တိုဘာ ၃၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် မြေပုံမြို့နယ်အတွင်းရှိ ဝက်ခေါင်း၊ လောင်းဒရိတ်နှင့် ရေနီကြီးကျေးရွာများသို့ သွားရောက်၍ ကယ်ဆယ်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာနှင့် အမိုးအကာရွက်ဖျင်များ ဝေငှပေးအပ်ပြီး ဒေသခံပြည်သူများအား နှုတ်ဆက်အားပေးကာ ကျေးရွာများ၏ အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မာန်အောင်မြို့သို့ ရောက်ရှိကာ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး တာဝန်ရှိသူ၏ တင်ပြချက်အပေါ် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများက မုန်တိုင်းတိုက်ခတ်မှုဖြစ်စဉ် အခြေအနေနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများတွင် ဒေသခံပြည်သူများ တက်ညီလက်ညီ ပူးပေါင်းပါဝင်မှုဖြင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပုံတို့ကို ရှင်းလင်းပြောကြားကြပြီး ကျန်းမာရေးနှင့် ပညာရေးထောက်ပံ့ငွေများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ဗိုလ်ချုပ်လှမင်းနှင့် အဖွဲ့ဝင်များသည် ရမ်းဗြဲမြို့သို့ ရောက်ရှိကြပြီး ရမ္မာဝတီခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးများက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးနိုင်ရေး အစီအမံများ၊ လေဘေးသင့်ဒေသအသီးသီးမှ စာရင်းဇယားကောက်ယူမှု မှန်ကန်တိကျရေး၊ ထောက်ပံ့ရေး ပစ္စည်းများ စနစ်တကျ လျင်မြန်စွာ ဖြန့်ဝေပေးနေမှုနှင့် မုန်တိုင်းဒဏ်သင့်ပြည်သူများအနေဖြင့် စီးပွားရေးလုပ်ငန်းများ ပုံမှန်ပြန်လည်လုပ်ဆောင်သွားနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်လှမင်း၊ တိုင်းမှူးနှင့် ဝန်ကြီးများက ထောက်ပံ့ငွေများ ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်လှမင်းနှင့် အဖွဲ့ဝင်များသည် ရမ်းဗြဲမြို့နယ်အတွင်း ပိုက်ဆိပ်နှင့် ငရပချိုင်ကျေးရွာများသို့ အရောက် စားသောက်ကုန်နှင့် ဆေးဝါးများအပါအဝင် ကယ်ဆယ်ရေးပစ္စည်းများ ဝေငှပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ရမ်းဗြဲမြို့ ရမ္မာဝတီခန်းမ၌ ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

အမ်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် အောက်တိုဘာ ၃၁

အမ်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အခမ်းအနား၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် (ဆ/ခ) ရပ်ကွက် အောင်ရာမြေ ပရိယတ္တိ စာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ရန်ကုန်ရောက် အမ်းမြို့နယ်သားအားလုံး တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများ၊ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရသူများ အောင်ရာမြေကျောင်းတိုက် ဖုန်း-၅၇၃၃၄၇၊ ဦးအုန်းကျော် ဖုန်း-၇၃၀၁၄၇၉၀ တို့သို့ ဆက်သွယ်ကြပါရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ (ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အယ်လ်ဂျီးရီးယားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၁

၂၀၁၀ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ကျရောက်သော အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အာမက် အိုရာဟီယာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

မှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် (၁၇)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် (၁၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ National Convention Centre (NCC) ဒုတိယထပ် အခန်းအမှတ် (၂၄၁)၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ (၁၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳